## စာရေးသူ၏ အမှာစာ

ကျွန်မဒီ(N5)သဒ္ဒါပေါင်းချုပ်ကို အဓိကရေးသားပြုစုခဲ့ရတဲ့ အကြောင်းအရင်းကတော့ ဂျပန်စာလေ့လာနေသူတွေအတွက် အချိန်ကုန်လူပင်ပန်းသက်သာစေပြီး ဂျပန်စာကို လွယ်လွယ်ကူကူလေ့လာနိုင်စေဖို့ ဖြစ်ပါတယ်။

ဒီစာအုပ်လေးထဲမှာတော့ N5 အဆင့်မှသဒ္ဒါပုံစံများ၊ N4 အဆင့် သဒ္ဒါအနည်းငယ်နှင့် N5 အဆင့်တွင် သိသင့်သော Particle သုံးနည်းများကိုပါ အစုံလင်ဆုံးဖြစ်အောင် ရေးသားပြုစုပေးထားသည့်အပြင်၊ လေ့လာရလွယ်ကူစေရန် မြန်မာဘာသာပြန်ကိုလည်း ရေးသားဖော်ပြပေးထားပါတယ်။ ဒါ့အပြင် ကျွန်မကျောင်းသူ ဘဝတုန်းက တွေ့ကြုံရတဲ့ အခက်အခဲတွေကို အခြေခံကာ မှန်ကန်ပြီးလွယ်ကူတဲ့ မှတ်သားနည်းများကို ရေးသား ဖော်ပြထားပါတယ်။

ဒီစာအုပ်လေးထဲက မှတ်နည်းတွေကတော့ ကျွန်မ၏ ဂျပန်စာလက်ဦးဆရာများ ဖြစ်ကြတဲ့ ရန်ကုန်နိုင်ငံခြားဘာသာစကားတက္ကသိုလ်မှ ဆရာ၊ဆရာမများ၏သင်ကြားနည်းများနှင့် ကျွန်မ၏ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်အတွေးအခေါ် ယူဆချက်များကို ပေါင်းစပ်ထားပါတယ်။

ကျွန်မအနေနဲ့ ဒီစာအုပ်လေးကို လေ့လာမယ့်သူများကို တိုက်တွန်းချင်တာကတော့၊ သဒ္ဒါဆိုတာပုံစံကို အလွတ်မှတ်ရုံနဲ့ တကယ်တတ်မြောက်တာ မဟုတ်တဲ့အတွက်၊ မိမိကိုယ်တိုင် များများစဉ်းစားကာ ကိုယ်ပိုင်စာကြောင်းများ တည်ဆောက်ဖို့ တိုက်တွန်းလိုပါတယ်။ ဒါမှသာ ဘာသာစကားတစ်ခုကို နည်းစနစ်မှန်မှန် အသုံးချနိုင်မှာ ဖြစ်ပါတယ်။

ဒီစာအုပ်လေး ရေးသားပြုစုနိုင်အောင် ကျွန်မကို ဂျပန်စာသင်ကြားပေးခဲ့သော ရန်ကုန်နိုင်ငံခြားဘာသာစကားတက္ကသိုလ်မှ ဆရာ၊ဆရာမများ၊ ဂျပန်လူမျိုး ဆရာဆာတိုးနာအိုမိ၊ ကျွန်မ၏ မိဘနှစ်ပါး၊ သူငယ်တန်းမှ ယခုအချိန်အထိ ဆုံးမပဲ့ပြင်ပေးပါသော ဆရာများနှင့်၊ သင်ဆရာ ၊ မြင်ဆရာ ၊ ကြားဆရာများ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်ရှင်။ ဒါ့အပြင် ဒီစာအုပ်ထုတ်ဝေရန် တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးခဲ့သော HNH သင်တန်းကျောင်းမှ ဆရာမလေးများ၊ သူငယ်ချင်းအင်ကြင်းမိုးနှင့် ထုတ်ဝေသူ ကိုဇာနည်ထွန်းကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်ရှင့်။

ချစ်ခင်လေးစားမှုဖြင့်
နှင်းနုထွေး (သင်ယူလေ့လာ အလွယ်ကူဆုံး ဂျပန်စာ)
B.A (Japanese),YUFL

# N5 သဒ္ဒါပေါင်းချုပ်

ဤစာအုပ်တွင် အပိုင်း (၃)ပိုင်း ပိုင်းထားကာ ရေးသားပြုစု ပေးထားပါသည်။

အပိုင်း (၁) ။ ။ N5အဆင့် သဒ္ဒါများကို ပြုစုပေးထားပါသည်။

အပိုင်း (၂) ။ ။ ဂျပန်စာ N5အဆင့်မှာ သုံးတဲ့ Particles (သည်၊က၊ အား ၊ ကို ၊ ၏...စသည်) တို့ကို ဥပမာနှင့် တကွ ရှင်းပြပေး ထားပါသည်။

အပိုင်း(၃) ။ ။ Adverbs (အလွန်၊ မကြာခဏ ၊ ချက်ချင်း... စသည်) တို့ကို ဥပမာ နှင့် တကွ ရှင်းပြပေးထားပါသည်။

JLPTစာမေးပွဲများတွင် N4 အဆင့် စာလုံးများ၊ N4 အဆင့်သဒ္ဒါများလည်း အနည်းငယ် မေးလာသည့် အတွက် ထို N4 အဆင့် စာလုံးများနှင့် သဒ္ဒါများကိုလည်း ရှင်းပြစုစည်း ပေးထားပါသည်။